# ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါလီမန်၊လူမျိုးစုလွှတ်တော်။
# (၁၉၅၂ ခုနှစ်၊ လူမျိုးစုလွှတ်တော်အမတ်များ လစာနှင့် စရိတ်ကြေးငွေနည်းဥပဒေများ။)
# အမှတ် ၇
# ရန်ကုန်မြို့၊ ၁၃၁၄ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်။
# (၁၉၅၂ ခုနှစ်၊ ဇွန်လ ၂၇ ရက်။)

[ ပြင်ဆင် : 03.04.1957 ]

အမှတ် ၇။ ။ ၁၉၅၂ ခုနှစ်၊ ပါလီမန်အမတ်များ(လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေပုဒ်မ ၇ တွင်အပ်နှင်းထားသည့် အာဏာများကိုသုံး၍၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်၊ လူမျိုးစုလွှတ်တော်ရုံးအုပ်ချုပ်ရေးအဖွဲ့သည်၊ လူမျိုးစုလွှတ်တော်အမတ်များအတွက် လစာထုတ်ယူရေးနှင့် စရိတ်များ ကန့်သတ်ပြဋ္ဌာန်းသည့် အောက်ပါနည်းဥပဒေများကို ပြုလုပ်သည်။

## ၁၉၅၂ ခုနှစ်၊ လူမျိုးစုလွှတ်တော်အမတ်များ လစာနှင့် စရိတ်ကြေးငွေနည်းဥပဒေများ။

### အခန်း ၁။

၁။ ။ (၁) ဤနည်းဥပဒေများကို “၁၉၅၂ ခုနှစ်၊ လူမျိုးစုလွှတ်တော်အမတ်များလစာနှင့်စရိတ်ကြေးငွေ နည်းဥပဒေများ” ဟုခေါ်တွင်ရမည်။

(၂) ဤနည်းဥပဒေများသည်၊ ၁၉၅၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ အတည်ဖြစ်စေရမည်။

### အဓိပ္ပါယ်ရှင်းလင်းချက်များ။

၂။ ။ (၁) ဤနည်းဥပဒေများတွင်-

(က) “**အက်ဥပဒေ**” ဆိုသည်မှာ၊ ၁၉၅၂ ခုနှစ်၊ ပါလီမန်အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေကိုဆိုလိုသည်။

(ခ) “**အတွင်းဝန်**” ဆိုသည်မှာ၊ လူမျိုးစုလွှတ်တော် အတွင်းဝန်ကိုဆိုလိုသည်။

(ဂ) “**ရပ်နားစရိတ်**” ဆိုသည်မှာ၊ အမတ်တဦးသည် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးသို့တက် ရောက်ရန် ခရီးထွက်လာရာ၌၎င်း၊ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးမှ အပြန်ခရီးတွင်၎င်း၊ ခရီး လမ်းတွင် မရပ်မနားဘဲ မဖြစ်သဖြင့်၊ ၁၂ နာရီထက်ကျော်လွန်၍ရပ်နားနေရပါက၊ ထိုကဲ့သို့ရပ်နားနေရ သည့်ကာလအပိုင်းအခြားအတွက် ထုတ်ယူသောစရိတ်ကို၎င်း၊ သက်ဆိုင်ရာယာဉ်များအသွားအလာ ခက်ခဲမှုကြောင့် ညီလာခံကျင်းပသည့်နေရာသို့ ကြိုတင်ရောက်သည့်ရက်များနှင့် ညီလာခံပြီးသည့်အခါ ရပ်နား နေရသည့်ရက်များအတွက် ထုတ်ယူသောစရိတ်ကို၎င်း ဆိုလိုသည်။



Myanmar Law Information System (MLIS)

(ဃ) "**အကြောင်းကြားထားသောနေထိုင်ရာအရပ်**" ဆိုသည်မှာ၊ အမတ်တဦးက မိမိကိုယ်တိုင် အတွင်း ဝန်ထံသို့ စာအားဖြင့်အကြောင်းကြားထားသော မိမိနေထိုင်ရာအရပ်ကိုဆိုလိုသည်။

(င) "ရန်ကုန်မြို့" ဆိုသည်မှာ၊ ရန်ကုန်မြူနီစီပါယ်နယ်နိမိတ်မှ ကျော်လွန်၍၊ နှစ်မိုင်အတွင်းရှိ အရပ်ဒေသလည်းပါဝင်သည်။

(၂) ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးစတင်ကျင်းပသည့်နေ့မှ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးပြီးဆုံးသည့်နေ့အထိ၊ ထိုအချိန်ကာလအတောအတွင်းတွင် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကိုရွှေ့ဆိုင်းထားသည့် ရက်များကိုလည်း ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပနေသည့်ရက်များဟုပင်မှတ်ယူရမည်။

(၃) အက်ဥပဒေတွင်ရှင်းလင်းထားသည့် အသုံးအနှုန်းများကို ယခုနည်းဥပဒေများတွင်သုံးစွဲပါက ထိုရှင်းလင်းသည့် အဓိပ္ပါယ်များအတိုင်းသုံးစွဲခြင်းဖြစ်သည်။

## အခန်း ၂။

## လစာများနှင့် နေ့တွက်စရိတ်များ။

၃။ ။ အမတ်တဦးသည်၊ မိမိလစာရရှိရန်ဖြစ်သောလအတွက်၊ လစာငွေကို၊ နောက်လ ၁ ရက်နေ့တွင် ထုတ်ယူနိုင်သည်။ အမတ်တဦး၏နေရာသည် လစ်လပ်ပါက၊ ထိုအမတ်သည်၊ နေရာလစ်လပ်သည့်နေ့ နောက်တနေ့တွင် လစာကိုရထိုက်သည်ဖြစ်ပြီး၊ လစာကိုထိုနေ့မှ ၆ လအတွင်းတောင်းဆိုရမည်။

၄။ ။ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပနေစဉ်အတွင်း၊ ထိုညီလာခံ၊ သို့တည်းမဟုတ် ထိုအစည်းအဝေးကျင်းပရာအရပ်တွင် နေထိုင်သော နေ့အသီးသီးအတွက်၊ နေ့တွက်စရိတ်တနေ့လျှင် ၂၀ ကျပ်နှင့် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပရာအရပ်တွင် နေထိုင်ရသည့် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးမကျင်းပမီတရက်နှင့် ကျင်းပပြီး နောက်တရက်အတွက်ကိုပါ အက်ဥပဒေပုဒ်မ ၃ အရ၊ နေ့တွက်စရိတ်ကို တနေ့လျှင် ၂၀ ကျပ် ထုတ်ယူနိုင်သည်။ စရိတ်များကို လစာထုတ် သည့် ဘီ(လ်) ပေါ်တွင်သော်၎င်း၊ သီးခြားဘီ(လ်) ဖြင့်သော်၎င်း ထုတ်ယူနိုင်သည်။

၅။ ။ (က) ဤနည်းဥပဒေ၏နည်းဥပဒေခွဲ(ခ) အရ၊ ဘဏ်တိုက်တတိုက်အားသော်၎င်း၊ ကိုယ်စားလှယ် တဦးအားသော်၎င်း၊ လစာထုတ်ယူနိုင်ရန်၊ ခွင့်ပြုထားချက်မှတပါး၊ သက်ဆိုင်ရာအမတ်ကိုယ်တိုင် တောင်းဆိုသော အခါနှင့် ထိုအမတ်ကရရှိပြီးဖြစ်ကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ပြေစာ ပေးအပ်သောအခါမှသာလျှင်၊ လစာနှင့်နေ့တွက်စရိတ်များကို ထုတ်ပေးလိမ့်မည်။ အမတ်တဦးသည်၊ စာ ဖြင့်ပန်ကြားလျှင်၊ ထိုပန်ကြားလွှာတွင် အမည်ဖော်ပြပါရှိသောစေတမန်အား၊ ထုတ်ပေးသောငွေ၊ သို့ တည်းမဟုတ် ချက်လက်မှတ်နှင့်စပ်လျဉ်း၍ လိမ်လည်မှုအတွက်ဖြစ်စေ၊ အလွဲသုံးစားမှုအတွက်ဖြစ်စေ၊ ကြီးကြပ်အုပ်ချုပ်သောအရာရှိက တာဝန်ခံယူလိမ့်မည်မဟုတ်။

(ခ) အစိုးရက အသိအမှတ်ပြုထားပြီးဖြစ်သော ဘဏ်တိုက်၊ သို့တည်းမဟုတ် ကိုယ်စားလှယ်တဦးမှတဆင့် ရန်ကုန်မြို့တွင် လစာထုတ်ယူနိုင်သည်။ ထိုကဲ့သို့ သောဘဏ်တိုက်၊ သို့တည်းမဟုတ် ကိုယ်စားလှယ်တဦးသို့

Myanmar Law Information System (MLIS)

ထုတ်ပေးရန် မိမိ၏လစာစာရင်းပေါ်တွင် သက်ဆိုင်ရာအမတ်က ရေးသားဖေါ်ပြထားသော ဘဏ်တိုက်၊ သို့တည်းမဟုတ် ကိုယ်စားလှယ်ကိုသာ လစာထုတ်ပေးလိမ့်မည်။

၆။ ။ အမတ်များသည်၊ မိမိတို့၏နေထိုင်ရာနေရပ်ကို အတွင်းဝန်ထံသို့ စာအားဖြင့်အကြောင်းကြားထားရ မည်။ အမတ်တဦးသည် မိမိနေထိုင်ရာအရပ် ပြောင်းရွှေ့ခဲ့လျှင်လည်း အတွင်းဝန်ထံသို့ မပြောင်းရွှေ့မီ ၁၅ ရက် ကြိုတင်၍စာအားဖြင့် အကြောင်းကြားရမည်။

၇။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ပြင်ပသို့ခရီးထွက်သွားသည့် အမတ်တဦးသည်၊ မိမိ၏လစာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်ထုတ်ပေးရန် မိမိကိုယ်တိုင်စီမံချက်များပြုလုပ်ရမည်။

## အခန်း ၃။

## ခရီးစရိတ်။

၈။ ။ (က) ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးသို့တက်ရောက်ရန် လာရောက်သည့်အတွက်နှင့် ထို ညီလာခံမှ၊ သို့တည်းမဟုတ် ထိုအစည်းအဝေးမှပြန်သွားသည့်အတွက်၊ အောက်ပါစရိတ်များကို ထုတ်ယူ ခွင့်ပြုသည်။

(၁) မီးရထားနှင့်သော်၎င်း၊ သင်္ဘောနှင့်သော်၎င်း၊ ခရီးသွားလာရခြင်းအတွက်၊ မီးရထား၊ သင်္ဘောတို့၏ သာမန်ပဋ္ဌမတန်း၏တယောက်အတွက် အခနှုန်း၏ ၁(၃/၅) (အစားအသောက်အတွက်မပါ)။

(၂) လေယာဉ်ပျံ၊ သို့တည်းမဟုတ် ရေယာဉ်ပျံနှင့် သွားလာရခြင်းအတွက် လေယာဉ်ပျံ၊ သို့တည်းမဟုတ် ရေယာဉ်ပျံ၏တယောက်အတွက်အခနှုန်း၏ ၁(၁/၃) (အစားအသောက်အတွက်မပါ)။

(၃) မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံ၊ ရေယာဉ်ပျံတို့နှင့် မသွားလာနိုင်သောခရီးအတွက် တမိုင်လျှင် ၁၂ နှုန်း။

(ခ) ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးပြုလုပ်သော နေရာသို့လာသော သင်္ဘော၊ လေယာဉ်ပျံ၊ သို့တည်းမဟုတ် ရေယာဉ်ပျံ ၂ စင်း၊ သို့တည်းမဟုတ် ၂ စင်းထက်ပို၍ရှိသဖြင့်၊ အခနှုန်းအမျိုးမျိုးဖြစ်နေ ပါက၊ စရိတ်အနည်းဆုံးပေးရသည့် သက်ဆိုင်ရာယာဉ်၏ အခနှုန်းကိုသာ နည်းဥပဒေခွဲ ၈(က) အရ၊ ထုတ်ယူနိုင်သည်။ သို့ရာတွင် အကြောင်းမညီညွတ်၍၊ အခကြီးသည့်ယာဉ်ကို စီးနင်းလိုက်ပါလာပါက၊ အ ဘယ်အတွက်ကြောင့် စီးနင်းရသည်ကို လုံလောက်သည့် အထောက်အထားများပြပါလျှင်၊ အကယ်ကုန် ကျစရိတ်သည်၊ နည်းဥပဒေခွဲ ၈(က) အရ၊ သာမန်ရထိုက်သည့် စရိတ်ထက်ပိုနေပါက အကယ်ကုန်ကျ စရိတ်ကို ထုတ်ယူနိုင်ခွင့်ရှိသည်။

(ဂ) မီးရထား၊ သို့တည်းမဟုတ် သင်္ဘော၊ သို့တည်းမဟုတ် လေယာဉ်ပျံ၊ သို့တည်းမဟုတ်၊ ရေယာဉ်ပျံ ဖြင့်ခရီးသွားလာနိုင်ပါလျက်၊ မသွားလာဘဲထိုခရီးကို၊ သို့တည်းမဟုတ် ထိုခရီး၏တစိတ်တပိုင်းကို ကုန်း လမ်းဖြင့်သွားလာလျှင်၊ ထိုခရီးအတွက်သော်၎င်း၊ ထိုခရီး၏တစိတ်တပိုင်းအတွက်သော်၎င်း၊ တမိုင်လျှင် ၁၂ နှုန်းဖြင့် ထုတ်ယူနိုင်သည်။ သို့ရာတွင် ယင်းသို့ထုတ်ယူသော ငွေစုစုပေါင်းသည် မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံ၊ ရေယာဉ်ပျံ စသည့်သက်ဆိုင်ရာ ယာဉ်တခုခုဖြင့်သွားလာသည့် အခါ၊ ရထိုက်သည့်ခရီးစ ရိတ်ထက်မပိုစေရ။

(ဃ) မိမိကိုယ်တိုင် စရိတ်စိုက်ထုတ်မပေးရသည့် ယာဉ်တခုခုဖြင့်ခရီးကို၊ သို့တည်းမဟုတ် ခရီး၏တစိတ်တပိုင်းကို သွားလာသောအမတ်တဦးသည် ထိုခရီးအတွက်၊ သို့တည်းမဟုတ် ထိုခရီး၏တစိတ်တပိုင်းအတွက် ကျသင့်သည့်

အခနှင့်ညီမျှသော၊ သို့တည်းမဟုတ် မိုင်တွက်နှင့်တွက်၍ ရရှိအပ်သည့် ခရီးစရိတ်နှင့်ညီမျှသော ခရီးစရိတ်ကိုထုတ်ယူနိုင်ခွင့်မရှိ။ သို့သော် ထိုအမတ်သည် မိမိသွားလာရသော ထိုခရီး၊ သို့တည်းမဟုတ် ထိုခရီး၏တစိတ်တပိုင်းအတွက် တနေ့လျှင် ၆ နာရီအောက်မနည်း သွားလာရသောနေ့များအတွက် ရပ်နားစရိတ်တနေ့လျှင် ၁၅ ကျပ် ရရှိခွင့်ရှိသည်။

(င) ညီလာခံကို၊ သို့တည်းမဟုတ် အစည်းအဝေးကို ခေတ္တရွှေ့ဆိုင်းသဖြင့်၊ ထိုရွှေ့ဆိုင်းထားသော ကြား ရက်အတွင်းတွင်၊ မိမိအကြောင်းကြားထားသည့် နေထိုင်ရာအရပ်သို့ ပြန်သောအမတ်တဦးသည် ခရီးစ ရိတ်ထုတ်ယူနိုင်သည်။ သို့သော်ထိုသို့ထုတ်ယူသော ခရီးစရိတ်သည် အကယ်၍ထိုအမတ်သည် ကြားရက် များအတွင်းတွင်ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပရာအရပ်၌ ဆက်လက်နေထိုင်သော် ရရှိမည့် နေ့တွက်စရိတ်ထက်မပိုစေရ။

၉။ ။ အောက်ပါအကြောင်းအချက်များကို ထောက်ထား၍၊ ရန်ကုန်မြို့အပြင်အပ၌ နေထိုင်သော အမတ်များသည်၊ တနေ့လျှင်ရပ်နားစရိတ် ၂၀ ကျပ် ထုတ်ယူနိုင်သည်။ သို့ရာတွင် ဤနည်းဥပဒေ အခန်း ၂ အရ၊ နေ့တွက်စရိတ်ထုတ်ယူပြီးသောနေ့အတွက် ရပ်နားစရိတ် မထုတ်ယူနိုင်။

(က) အကယ်၍ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးပြီးဆုံးသွားသော်လည်း၊ ထိုညီလာခံ၊ သို့ တည်းမဟုတ် ထိုအစည်းအဝေးကျင်းပသောနေရာ၌ အမတ်တဦးသည် နောက်ညီလာခံ၊ သို့တည်းမဟုတ် နောက်အစည်းအဝေးစတင်ကျင်းပသောနေ့အထိ ဆက်လက်နေထိုင်လျှင်၊ ထိုကြားရက်သည်တိုတောင်း ပါက၊ ထိုကြားရက်အတွက် ရပ်နားစရိတ်ထုတ်ယူနိုင်သည်။ သို့ရာတွင် ထိုကြားရက်အတွင်း ထိုအမတ် သည်၊ ထိုညီလာခံ၊ သို့တည်းမဟုတ် ထိုအစည်းအဝေးအတွက် နည်းဥပဒေ ၈ အရ တောင်းဆိုသော အသွား အပြန်ခရီးစရိတ်သည်၊ ဤနည်းဥပဒေခွဲအရ ရရှိမည်ဖြစ်သော ရပ်နားစရိတ်ထက်ပိုနေလျှင် ရပ်နားစရိတ် ကိုသာထုတ်ယူနိုင်သည်။

(ခ) ရန်ကုန်မြို့မှအပ အခြားဒေသများမှ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးသို့တက်ရောက်၍ ထိုအရပ်များသို့ပြန်ရသော အမတ်တဦးသည်၊ မိမိရောက်ရှိသောနေ့မှ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးစတင်ကျင်းပသောနေ့အထိ ကြားရက်များအတွက်ဖြစ်စေ၊ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးပြီးဆုံးသည့်နောက်မှ မိမိနေထိုင်ရာအရပ်သို့ ထွက်ခွါသွားသောနေ့ရက်အထိ ကြားရက်များအတွက်ဖြစ်စေ၊ ထိုအရပ်ဒေသများသို့ နေ့စဉ်သွားလာသော သယ်ယူပို့ဆောင်ရေးယာဉ်များ မရှိမှသာလျှင်၊ ရပ်နား စရိတ်ထုတ်ယူနိုင်သည်။ သို့ရာတွင် ဤကဲ့သို့ထုတ်ယူနိုင်ရန် အခြေခံအထောက်အထားများ ဖေါ်ပြရမည်။ အဆိုပါ အထောက်အထားများကို အတွင်းဝန်က ကျေနပ်မှသာလျှင် ရပ်နားစရိတ်ကို ထုတ်ယူနိုင်သည်။

၁၀။ ။ အမတ်တဦးသည် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးသို့ တက်ရောက်ရန်ကိစ္စအတွက် ခရီး ထွက်လာရာ၌၎င်း၊ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးမှအပြန်ခရီးတွင်၎င်း၊ ခရီးလမ်းတွင် မရပ်မနားဘဲ မဖြစ်သဖြင့် ၁၂ နာရီထက်ကျော်လွန်သည့်ကာလ အပိုင်းအခြားအတွက် စောင့်နေရပါက၊ အဆိုပါ စောင့်နေရသည့်ကာလ အပိုင်းအခြားအတွက် ရပ်နားစရိတ်တနေ့လျှင် ၁၅ ကျပ် ထုတ်ယူနိုင်သည်။ သို့ရာတွင် ဤကဲ့သို့ထုတ်ယူနိုင်ရန် အခြေခံအထောက်အထားများ ဖေါ်ပြရမည်။ အဆိုပါအထောက်အထားများကို အတွင်းဝန်က ကျေနပ်မှသာလျှင် ရပ်နားစရိတ်ကို ထုတ်ယူနိုင်သည်။

Myanmar Law Information System (MLIS)

၁၁။ ။ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပနေစဲအခါတွင် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးပြုလုပ်ရာ နေရာသို့ဖြစ်စေ၊ အဆိုပါနေရာမှဖြစ်စေ၊ သွားလာသော ကြားဖြတ်ခရီးအတွက် အမတ်တဦးသည် ထိုခရီးတခုခုတွင် ပြည်သူသုံးယာဉ်ဖြင့်သွားလာခဲ့သော်၊ တယောက်အတွက် မီးရထား၊ သို့တည်းမဟုတ် သင်္ဘော၏သာမန်ပဌမတန်းအခနှုန်း၊ သို့တည်းမဟုတ် လေယာဉ်ပျံ၊ သို့တည်းမဟုတ် ရေယာဉ်ပျံ၏ အနည်းဆုံးကုန်ကျမည့် တယောက်အတွက် အခနှုန်းကို ထုတ်ယူနိုင်သည်။ သို့သော်လည်း ထိုသို့ထုတ်ယူသော ခရီးစရိတ်ကို ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေး ပြုလုပ်ရာနေရာတွင် ထိုအမတ်နေထိုင်သောအခါ ထုတ်ယူနိုင်မည့်နေ့တွက်စရိတ်ထက် မပိုစေရ။ သို့ရာတွင် ခုနစ်ရက်နှင့် ခုနစ်ရက် ထက်ပိုသော ပျက်ရက်များအတွက် ခရီးစရိတ်မထုတ်ယူရ။ ထို့ပြင်ထိုကဲ့သို့ ထုတ်ယူသည့်ခရီးစရိတ်သည် ထိုအမတ် အကြောင်းကြားထားသော နေရပ်မှ ဤနည်းဥပဒေအရတွက်၍ ရထိုက်သည့် အသွားအပြန် ခရီးစရိတ်ထက် မပိုစေရ။

၁၂။ ။ တနေရာမှ တနေရာသို့သွားလာရန် ခရီးလမ်းနှစ်မျိုး၊ သို့တည်းမဟုတ် နှစ်မျိုးထက်ပိုမိုရှိခဲ့လျှင်၊ အတိုဆုံးနှင့်စရိတ်အသက်သာဆုံးလမ်းခရီးကို ထောက်ချင့်၍ခရီးစရိတ်ကိုတွက်ချက်ရမည်။ အတိုဆုံး ခရီးလမ်းဆိုသည်မှာအကယ်၍မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံ၊ ရေယာဉ်ပျံလမ်းများဖြင့် အဆက် အသွယ်ရှိလျှင် အမတ်တဦးသည် သွားလိုရာအရပ်သို့ မီးရထားနှင့်သော်၎င်း၊ သင်္ဘောနှင့်သော်၎င်း၊ လေယာဉ်ပျံနှင့် သော်၎င်း၊ ရေယာဉ်ပျံနှင့်သော်၎င်း၊ အမြန်ဆုံးသွားလာနိုင်သောခရီးလမ်းဖြစ်သည်။ အကယ်၍ ထိုသို့မီးရ ထား၊ လေယာဉ်ပျံ၊ ရေယာဉ်ပျံ၊ သင်္ဘောလမ်းများနှင့်အဆက်အသွယ်မရှိလျှင် သာမန်အားဖြင့် အများ ပြည်သူခရီးသည်များအသုံးပြုသော ခရီးလမ်းဖြစ်သည်။

၁၃။ ။ ခရီးစရိတ်တွက်ချက်ရေးအတွက် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးသို့ စတင်ထွက်လာ သော အမတ်နေသည့်အိမ်ကို ခရီးလမ်း၏အစဟု ယူဆရမည်။ ထိုအမတ်သည် လွှတ်တော်ညီလာခံမှ သော်၎င်း၊ သို့တည်းမဟုတ် အစည်းအဝေးမှသော်၎င်း၊ ပြန်သောအခါ ထိုအမတ်စတင်ထွက်လာသော အိမ်သို့ အကယ်၍ပြန်ပါက ထိုအိမ်ကို၎င်း၊ သို့တည်းမဟုတ် စာဖြင့်ကြိုတင်အကြောင်းကြားထားသော နေရပ်ကို၎င်း၊ အမတ်၏ ခရီးလမ်းဆုံးဟုယူဆရမည်။ သို့ရာတွင် ထိုနှစ်နေရာစလုံးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ရှိရမည်။

ဤခြွင်းချက်အရ မဟုတ်လျှင်၊ မိမိအကြောင်းကြားထားသောနေအိမ်မှ အသွားအပြန်ခရီးစရိတ်ကဲ့သို့ တွက်ချက်ရမည်။

ရန်ကုန်မြို့၌ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပလျှင် လွှတ်တော်တည် ရှိရာ ဌာနသည် ခရီးအဆုံးဟုယူဆရမည်။ ရန်ကုန်မြို့အပြင်အပ အခြားနေရာတွင် ကျင်းပလျှင်၊ ကျင်းပ သည့် အဆောက်အဦတည်ရာဌာနကို ခရီးဆုံးရာအရပ်ဟု ယူဆရမည်။

၁၄။ ။ (က) အမတ်တဦး အကြောင်းကြားထားသည့် နေထိုင်ရာအရပ်သည်၊ မိမိအရွေးခံရသည့် မဲဆန္ဒနယ်ပြင်ပ၌ရှိလျှင် ထိုအရပ်မှ မိမိ၏မဲဆန္ဒနယ်သို့ သွားရောက်ရခြင်း၊ မိမိ၏မဲဆန္ဒနယ်မှ အကြောင်းကြားထားသည့် နေထိုင်ရာအရပ်သို့ ပြန်လာရခြင်း၊ ခရီးများအတွက် သွားလာသော နေ့ရက်နှင့်ခရီးစဉ် အသေးစိတ်ကို စာအားဖြင့်ဖော်ပြပြီးခရီးစရိတ်ဘီ(လ်) နှင့်တကွ အတွင်းဝန်ထံတင်ပြ ၍၊ ခရီးစရိတ်များကို ထုတ်ယူနိုင်သည်။ ထို့သို့ထုတ်ယူသည့် ခရီးစရိတ်နှုန်းမှာ ခရီးတခုခုတွင် ပြည်သူ သုံးယာဉ်ဖြင့် သွားလာခဲ့သော် တယောက်အတွက် မီးရထား၊ သို့တည်းမဟုတ်

Myanmar Law Information System (MLIS)

သင်္ဘော၏သာမာန်ပဋ္ဌမတန်းအခနှုန်း၊ သို့တည်းမဟုတ် လေယာဉ်ပျံ၊ သို့တည်းမဟုတ် ရေယာဉ်ပျံ၏အနည်းဆုံး ကုန်ကျမည့် တယောက်အတွက်အခနှုန်း၊ ထိုယာဉ်များမရှိ၍ ကုန်လမ်းဖြင့်ခရီးသွားလာခဲ့သော်၊ တမိုင်လျှင် ၇၅ ပြားနှုန်းဖြင့် တွက်ချက်၍ရသည့် တယောက်အတွက် အခနှုန်းများဖြစ်ရမည်။ သို့ရာတွင် ခရီးသွားလာရာ၌ ခရီးလမ်းနှစ်မျိုး၊ သို့တည်းမဟုတ် နှစ်မျိုးထက်ပိုမိုရှိခဲ့လျှင်၊ အနည်းဆုံး ခရီးစရိတ်ကိုသာထုတ်ယူခွင့်ရှိသည်။

(ခ) အမတ်တဦးသည်၊ မိမိကိုယ်တိုင် စရိတ်စိုက်ထုတ်မပေးရသည့် ယာဉ်တခုခုဖြင့် ခရီးကို၊ သို့တည်းမ ဟုတ် ခရီး၏တစိတ်တပိုင်းကို သွားလာလျှင်၊ ထိုခရီးအတွက်၊ သို့တည်းမဟုတ် ထိုခရီး၏အစိတ်အပိုင်း အတွက် ကျသင့်သည့် အခနှင့်ညီမျှသော၊ သို့တည်းမဟုတ် မိုင်နှင့်တွက်၍ရရှိသည့်ခရီးစရိတ်နှင့်ညီမျှ သော ခရီးစရိတ်ကို ထုတ်ယူခွင့်မရှိစေရ။ သို့သော် ထိုအမတ်သည်၊ မိမိသွားလာရသော ထိုခရီး၊ သို့တည်း မဟုတ် ထိုခရီး၏တစိတ်တပိုင်းအတွက် တနေ့လျှင် ၆ နာရီအောက်မနည်းသွားလာရသော နေ့များအ တွက် ရပ်နားစရိတ် တနေ့လျှင် ၁၅ ကျပ်ရရှိခွင့်ရှိသည်။

(ဂ) ဤနည်းဥပဒေအရထုတ်ယူနိုင်သော ခရီးစရိတ်များမှာ တနှစ်အတွင်း လွှတ်တော်ညီလာခံ ကျင်းပသည့် အကြိမ်ထက်မများသော ခရီးသွားလာရခြင်းအတွက်သာထုတ်ယူနိုင်သည်။

ရှင်းလင်းချက်။ ။ (၁) 'မိမိ၏မဲဆန္ဒနယ်' ဟုဆိုရာ၌ မဲဆန္ဒနယ်တနယ်အတွင်း သက်ဆိုင်ရာအမတ်က မိမိခေတ္တနေထိုင်ရန် အကြောင်းကြားထားသည့် နေထိုင်ရာအရပ်ကို ဆိုလိုသည်။

(၂) 'တနှစ်' ဆိုသည်မှာ 'ဘဏ္ဍာတော်နှစ်တနှစ်' ကိုဆိုလိုသည်။

<ပြင်ဆင် 03.04.1957>

၁၅။ ။ ခရီးသွားခြင်းပြီးဆုံးသောအခါ၊ ခရီးစရိတ် ဘီ(လ်) ကိုတင်၍ ငွေထုတ်ယူနိုင်သည်။ သို့ရာတွင် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးသည် ရန်ကုန်မြို့၌ကျင်းပခဲ့လျှင်၊ အမတ်တဦးသည် ရန်ကုန် မြို့သို့လာရသည့်အတွက် ခရီးစရိတ်ကို ထုတ်မယူသေးလျှင်၊ ရန်ကုန်မြို့သို့ လာရသည့်အတွက် ခရီးစ ရိတ်နှင့်တကွ၊ ရန်ကုန်မြို့မှ ၎င်းနေထိုင်သည့် အိမ်သို့ပြန်စရိတ်ကိုပါ၊ ရန်ကုန်မြို့မှ မထွက်ခွါမီ မရှေးမနှောင်း ဘီ(လ်) ပြုလုပ်ပြီးငွေထုတ်ယူနိုင်သည်။ ခရီးစရိတ် ဘီ(လ်)များကို နည်းဥပဒေ ၅ တွင်ပြဋ္ဌာန်းထားသည့် အတိုင်းထုတ်ပေးလိမ့်မည်။

၁၆။ ။ အတွင်းဝန်သည် စရိတ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်အုပ်ချုပ်သောအရာရှိဖြစ်သည်။

၁၇။ ။ ဤနည်းဥပဒေများ၏အဓိပ္ပါယ်ယူဆခြင်းနှင့် စပ်လျဉ်း၍ ဒွိဟတစုံတရာပေါ်ပေါက်ခဲ့လျှင် လူမျိုး စုလွှတ်တော်ရုံးအုပ်ချုပ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

၁၈။ ။ အမတ်များသည် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးပြီးဆုံးသည့်အခါ မိမိတို့နေရပ်များသို့ ပဌမဦးဆုံးမီရာသယ်ယူပို့ဆောင်ရေးယာဉ်ဖြင့် ပြန်နိုင်ရန်နှင့်ချက်လက်မှတ်များကို ဘဏ်တိုက်တွင် အချိန်မီပြသ၍ ငွေထုတ်ယူနိုင်ရန် အတွင်းဝန်သည် အစည်းအဝေးမပြီးဆုံးမီ သုံးရက်မတိုင်မီနေ့ရက် အထိရက် များအတွက်ဖြစ်စေ၊ မိမိသင့်တော်သည်ထင်သည့် အစည်းအဝေးမပြီးဆုံးမီနေ့ရက်များ အထိအတွက်ဖြစ်စေ၊ အမတ်များအားရသင့်ရထိုက်သည့် စရိတ်များပေးရန်နေ့ရက်သတ်မှတ်နိုင်သည်။ ကျန်ရက်များအတွက်

Myanmar Law Information System (MLIS)

စရိတ်ကြေးငွေများကိုထုတ်ယူနိုင်ရန် ချက်လက်မှတ်များကို အတွင်းဝန်က သက်ဆိုင်ရာ အမတ်များထံ သို့ အကြောင်းကြား ထားသော နေရပ်လိပ်စာဖြင့်ပေးပို့မည်။

၁၉။ ။ ဤနည်းဥပဒေများအရ ဆောင်ရွက်ရာတွင် အခက်အခဲနှင့်တွေ့ကြုံနေလျှင်သော်၎င်း၊ ဤနည်း ဥပဒေများတွင် သတ်မှတ်ချက်မရှိလျှင်သော်၎င်း၊ နာယကသည် ဤအခက်အခဲများကို ကျော်လွှန်ရန်အ တွက် မိမိသင့်လျော်သည်ဟုထင်မြင်သည့်အတိုင်းအမိန့်များကိုထုတ်ပြန်နိုင်သည်။

အမိန့်အရ၊

ထွန်းတင်၊

အတွင်းဝန်၊

လူမျိုးစုလွှတ်တော်၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါလီမန်။

Myanmar Law Information System (MLIS)